တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ (၁၁-၁၁-၂၀၂၆)

မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက်အကျဉ်းချုပ်

စဉ်	မေးခွန်း	အဖြေ
၁	**ဦးဝင်းမြင့်မောင်၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်**က ပုဂံမြို့ရှိ ရှင်အဇ္ဈဂေါဏဂူဘုရား၏ ဘွဲ့အမည်အား "မဟာသမန်းကြီးဂူဘုရား" ဟု ပြောင်းလဲပေးနိုင်ခြင်း ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**က ဘွဲ့အမည်သည် ယူနက်စကို၏အချက်အလက်တွင်ပါဝင်နေ၍ ကျောက်စာပါအမည်အမှန်ကို ယှဉ်တွဲဖော်ပြခြင်းနည်းလမ်းဖြင့် ဆောင်ရွက်ပါက ပြည်သူများအား ရှင်းလင်း အသိပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။
၂	**ဦးမောင်မောင်စိုး၊ သာပေါင်းမဲဆန္ဒနယ်**က "လျှပ်စစ်မီး"အား (၂၄) နာရီအချိန်ပြည့်ပေးနိုင်ရန် ရေတို၊ ရေရှည်စီမံကိန်းများ ဆောင်ရွက်ထားမှု ရှိ မရှိ မေးမြန်းပါသည်။	**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**က အရင်းအမြစ်တစ်မျိုးတည်းကို မမှီခိုဘဲ ပြန်ပြည့်မြဲစွမ်းအင်၊ သဘာဝဓာတ်ငွေ့နှင့် အခြားအရင်းအမြစ်များကို ပေါင်းစပ် အသုံးပြုသည့် Generation Mix ကို အခြေခံဆောင်ရွက်လျက် ရှိသည့်အပြင် (၂၄) နာရီ ပတ်လုံး တည်ငြိမ်သည့် လျှပ်စစ်ထုတ်လုပ်နိုင်မည့် အငယ်စားနျူးကလီးယား ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် စီစဉ်လျက်ရှိပါကြောင်း ဖြေကြားပါသည်။
၃	**ဒေါ်မြင့်စန္ဒာအောင်၊ မြောင်းမြမဲဆန္ဒနယ်**က အမက-ရွှေဒါးကုန်းကျောင်းနှင့် အထက-ကဝက်ကုန်းကျောင်းတို့အား ပြုပြင်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပညာရေးဝန်ကြီးဌာန**က မူလတန်းကျောင်းအတွက် ၆၀x၃၀ ပေ RCC (၁)ထပ် ကျောင်းဆောင်နှင့် အထက်တန်းကျောင်းအတွက် ၁၂၀x၃၀ ပေ RCC (၁)ထပ် ကျောင်းဆောင်ဆောက်လုပ်ခြင်းအား နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်း	အဖြေ
၄	**ဒေါက်တာထိန်ဝင်း၊ ကျောင်းကုန်းမဲဆန္ဒနယ်**က ကျောင်းကုန်းမြို့နယ်၊ ဆူးပဒေါင်းကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား RC တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ပညာရေးဝန်ကြီးဌာန**က ၁၂၀ x ၃၀ ပေ RCC (၁) ထပ်ကျောင်းဆောင် ဆောက်လုပ်ခြင်းအား နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။
၅	**ဦးစိုးဝင်း၊ မြို့သစ်မဲဆန္ဒနယ်**က မြို့သစ်မြို့နယ်၊ ဖုတ်ကုန်းကျေးရွာ၊ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းအား အစိုးရအခြေခံမူလတန်းကျောင်းအဖြစ်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပညာရေးဝန်ကြီးဌာန**က ညောင်ဇင်ကျေးရွာရှိ အ.ထ.က(ခွဲ)ကျောင်းနှင့် ၁.၅မိုင်သာကွာဝေးသည့်အတွက် အခြေခံမူလတန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားပါသည်။
၆	**ဦးတင်ထွန်းလွင်၊ ကလေးဝမဲဆန္ဒနယ်**က ကလေးနှင့် ကလေးဝမြို့နယ်သို့ ဆက်သွယ်ထားသည့်လမ်းနှင့် တံတားများ ပြုပြင်ထိန်းသိမ်းခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ဆောက်လုပ်ရေးဝန်ကြီးဌာန**က ယခုဘဏ္ဍာနှစ်တွင် ထပ်ပိုးလွှာခင်းခြင်း ၁.၄ မိုင် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ထပ်ပိုးလွှာခင်းခြင်း ၁.၅၅ မိုင်၊ Box Culvert ၂ စင်းနှင့် သံကူကွန်ကရစ်တံတား ၅ စင်း တည်ဆောက်ပေးရန် လျာထားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။
၇	**ဦးရယ်ဒန်းတန်၊ နောင်မွန်းမဲဆန္ဒနယ်**က ပူတာအို-မချမ်းဘော-နောင်မွန်းကားလမ်းရှိ နောင်မွန်းမြို့အပိုင်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ဆောက်လုပ်ရေးဝန်ကြီးဌာန**က အမာခံလမ်းပိုင်း ၂၃ မိုင်အနက် ၁ မိုင် ၃.၂၅ ဖာလုံ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားပြီးဖြစ်ပါကြောင်းနှင့် ကျန်လမ်းအပိုင်းများအား နှစ်စဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်း	အဖြေ
၈	**ဦးမျိုးမြင့်သိန်း၊ ဝမ်းတွင်းမဲဆန္ဒနယ်**က ဝမ်းတွင်းမြို့နယ်ရှိ သဲတော၊ ရိုးဇုံလမ်းနှင့် ဘုရားဖြူ ကုက္ကိုလ်ခါးလှလမ်းတို့အား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ဆောက်လုပ်ရေးဝန်ကြီးဌာန**က ယခုဘဏ္ဍာနှစ်တွင် ၃ ဖာလုံ ကျောက်လမ်းပြုပြင်ခြင်းနှင့် Box Culvert (၇) စင်း တည်ဆောက်လျက်ရှိပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ၈ ဖာလုံ ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်ရန် လျာထားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၉	**ဦးနေလင်းအောင်၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်**က အိမ်ရာပိုင်ဆိုင်မှုမရှိသူများအတွက် အငှားအိမ်ရာစနစ်များ ဖော်ဆောင်ပေးရန်နှင့် အငှားအိမ်ရာများအသင့်ရှိမှသာ ကျူးကျော်နေထိုင်သူများအား ဖယ်ရှားပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ဆောက်လုပ်ရေးဝန်ကြီးဌာန**က ပြည်သူ့အငှားအိမ်ရာများကို ဘဏ္ဍာငွေခွဲဝေရရှိမှုနှင့် မြေနေရာရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် ကျူးကျော်နေထိုင်သူများအား ဥပဒေနှင့်အညီ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ဖယ်ရှားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။
၁၀	**ဒေါ်ဥမ္မာဌေး၊ မော်လမြိုင်မဲဆန္ဒနယ်**က မော်လမြိုင်မြို့နယ်၊ ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ အဆင့်မြင့်ကင်ဆာကုထုံး စက်ကိရိယာထားရှိပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ကျန်းမာရေးဝန်ကြီးဌာန**က ဆေးရုံကြီးကို တတိယအဆင့်လွှဲပြောင်း ဆေးရုံကြီးအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိပြီး ခွဲစိတ်အထူးကုဆရာဝန်များနှင့် ကင်ဆာရောဂါအထူးကုဆရာဝန် (၂) ဦးတို့မှ တာဝန်ယူကုသပေးလျက်ရှိပါကြောင်း ဖြေကြားပါသည်။
၁၁	**ဦးခွန်အောင်ဆန်း၊ လွိုင်လင်မဲဆန္ဒနယ်**က လွိုင်လင်မြို့နယ်၊ မိုင်းပွန်တိုက်နယ်ဆေးရုံအား အဆင့်မြှင့်တင်တည်ဆောက်ပေးရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ကျန်းမာရေးဝန်ကြီးဌာန**က တိုက်နယ်ဆေးရုံအဂ်ိုရပ်နှင့်အညီ ဆေးရုံအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများကို ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်း	အဖြေ
၁၂	**ဒေါ်မော်မော်ခိုင်၊ ဒီးမော့ဆိုမဲဆန္ဒနယ်**က ကယားပြည်နယ်သို့ ပြန်လည်ဝင်ရောက်လာမည့် လူဦးရေ ပိုမိုများပြားလာနိုင်သည့်အတွက် ဆေးနှင့် ဆေးဝါးပစ္စည်းများ တိုးမြှင့်ပံ့ပိုးပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ကျန်းမာရေးဝန်ကြီးဌာန**က ရဟတ်ယာဉ်နှင့် ယာဉ်တန်းအကြုံများဖြင့် ဆေးနှင့် ဆေးဝါးပစ္စည်းမျိုးစုံတို့ကို ပံ့ပိုးပေးလျက်ရှိပြီး ယာယီနေရပ်စွန့်ခွာသူများ နေရပ်သို့ ပြန်လည်ဝင်ရောက်လာမည့် ဦးရေပိုမိုများပြားလာပါက လိုအပ်သည့် ဆေးနှင့် ဆေးဝါးပစ္စည်းများအား ထပ်မံထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။
၁၃	**ဦးမောင်ရွှေ၊ လွိုင်ကော်မဲဆန္ဒနယ်**က လွိုင်ကော်မြို့နယ်၊ ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများ တာဝန်ချထားပေးနိုင်ရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ကျန်းမာရေးဝန်ကြီးဌာန**က ကင်ဆာရောဂါဆေးပညာအထူးကုဆရာဝန်နှင့် လက်ထောက်ဆရာဝန် သစ်လွင် ၂ ဦး ထပ်မံခန့်အပ်ပေးထားပြီးဖြစ်ကြောင်း ဖြေကြားပါသည်။
၁၄	**ဦးတင့်ဆွေ၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်**က ဆင်ပေါင်ဝဲမြို့နယ်၊ ပြည်သူ့ဆေးရုံတွင် Digital X-Ray စက် (၁) လုံးနှင့် ဆက်စပ်ပစ္စည်းများအား မည်သည့်ဘဏ္ဍာနှစ်တွင် ထောက်ပံ့ပေးမည်ကို သိရှိလိုခြင်းမေးမြန်းပါသည်။	**ကျန်းမာရေးဝန်ကြီးဌာန**က 100 mA Conventional X-Ray Machine စက် (၁) လုံးကို ထောက်ပံ့ပေးပြီးဖြစ်၍ ဌာနအစီအစဉ်ဖြင့် တပ်ဆင်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားပါသည်။